# DeKalb ကောင်တီကျောင်းခရိုင် မူကြိုတန်း Pre-K (3&4) အစီအစဉ်များ စာရင်းသွင်းအပ်နှံမှုနှင့်ပတ်သက်၍ မကြာခဏအမေးများသော မေးခွန်းများ

## 2025-2026 မူကြိုတန်း Pre-K (3&4) အစီအစဉ်များ အွန်လိုင်း ကြိုတင်မဲကံစမ်းမှုတွင် ပါဝင်ကြသူများ

*ဤအပိုင်းသည် 2025-2026 မူကြိုတန်း Pre-K (3&4) အွန်လိုင်း မဲကံစမ်းမှုအတွက် လျှောက်လွှာလုပ်ငန်းစဉ်တွင် ပါဝင်ဖြည့်စွက်ရန် စိတ်ပါဝင်စားသော မိဘများ/အုပ်ထိန်းသူများအတွက် သတင်းအချက်အလက်များအား ထောက်ပံ့ပေးသည်။ နောက်အဆင့်များအတွက် ဤစာရွက်စာတမ်းရှိ ကျန်ရှိသော အခန်းများအားလုံးကို ဖတ်ပြီးကြောင်း သေချာစေပါ။*

**မူကြိုတန်း Pre-K (3&4) အစီအစဉ်များတွင် စာရင်းသွင်းအပ်နှံရန်မှာ ကျောင်းသားများအတွက် အသက် ကန့်သတ်ချက်များမှာ မည်သို့နည်း။**

2025-2026 ကျောင်းပညာသင်နှစ်အတွက် အရည်အချင်းပြည့်မီဖို့ရန်မှာ သင့်ကလေး၏ မွေးရက်၊မွေးလ၊မွေးနှစ်သည် အောက်ဖော်ပြပါ ရက်စွဲများတွင် သို့မဟုတ် ၎င်းရက်စွဲများအကြားတွင် ရှိရမည် ဖြစ်သည် - Pre-K4 အတွက် စက်တင်ဘာလ 2 ရက်၊ 2020 - စက်တင်ဘာလ 1 ရက်၊ 2021 အတွင်း၊ နှင့် Pre-K3 အတွက် စက်တင်ဘာလ 2 ရက်၊ 2021 - စက်တင်ဘာလ 1 ရက်၊ 2022 အတွင်း။

**အကယ်၍ ကျွန်ုပ်၏ကလေးသည် Pre-K3 မဲကံစမ်းမှုမှတစ်ဆင့် ထိုင်ခုံနေရာတစ်ခုအား ရရှိခဲ့ပြီး၊ လက်ရှိကျောင်းပညာသင်နှစ်တွင် Coralwood Center ၊ Early Learning Center (အစောပိုင်း သင်ကြားရေးစင်တာ)၊ နှင့်/သို့မဟုတ် Pre-K3 တိုးချဲ့ဆိုဒ်နေရာတစ်ခုတွင် တက်ရောက်ခဲ့သည်ဆိုလျှင် Pre-K4 တက်ရောက်သည့်အခါ ၎င်းတို့၏ လက်ရှိ တည်နေရာ၌ပင် ဆက်လက် ရှိနေခွင့် ရရှိပါမည်လား။**

Coralwood Center ၊ Early Learning Center (အစောပိုင်း သင်ကြားရေးစင်တာ)၊ နှင့် Pre-K3 တိုးချဲ့ အတန်းများသည် အစောပိုင်း သင်ကြားရေး နှင့် Pre-K အစီအစဉ်များဆိုင်ရာ ဌာနချုပ်၏ နယ်ပယ်အတွင်း ကျရောက်သည့် အထူးပြုထားသော အစီအစဉ်များ ဖြစ်သည့်အတွက်ကြောင့်မှာ ကျောင်းသားများသည် **သင်ရိုးအစီအစဉ် ထပ်တူကျစေရန် ပူးပေါင်းဆောင်ရွက်ထားမှု (Program Articulation)** မှတစ်ဆင့် မိမိတို့၏ လက်ရှိနေရာတွင်ပင် Pre-K အား သင်ရိုးထပ်တူကျစေရန် ရွေးချယ်နိုင်မည် ဖြစ်သည်။ မိမိတို့၏ လက်ရှိ တည်နေရာ၌ပင် ဆက်လက်ရှိနေနိုင်ရန်မှာ **ပြန်လည်တက်ရောက်ရန် ရည်ရွယ်ကြောင်း (Intent to Return)** လျှောက်လွှာဖောင်တစ်စောင်အား မိဘများမှ ဖြည့်စွက်ဖို့ ရွေးချယ်နိုင်မည် ဖြစ်သည်။ **ပြန်လည်တက်ရောက်ရန် ရည်ရွယ်ကြောင်း (Intent to Return)** လျှောက်လွှာဖောင်အား ဖြည့်စွက်ဖို့ရန် ပျက်ကွက်ခဲ့ပါကမူ နောက်လာမည့် ကျောင်းပညာသင်နှစ်အတွက် သင့်ကလေး၏ လက်ရှိတည်နေရာမှ Pre-K4 ထိုင်ခုံအား လက်လွှတ်လိုက်ရပေမည်။ မိမိတို့ကလေး၏ လက်ရှိနေရာမှ Pre-K4 ပို့ချမှု အတွေ့အကြုံနှင့်ပတ်သက်၍ ပြန်လည်တက်ရောက်ဖို့ရန် **ရွေးချယ်မှု မပြုခဲ့သော** မိဘများအနေနှင့်မူ ၎င်းတို့၏ ဇုံသတ်မှတ်ထားသော အမိကျောင်းတွင် နောက်လာမည့် မဲကံစမ်းမှု၌ ထိုင်ခုံနေရာတစ်ခုအား ရရှိဖို့ အာမခံမည် **မဟုတ်ပေ။ ဤသည်အား ရွေးချယ်ထားသည့် မိဘများသည် Pre-K4 တက်ရောက်ဖို့အတွက်မှာ ၎င်းတို့၏ ဇုံသတ်မှတ်ထားသော စာသင်ကျောင်းမှ မဲကံစမ်းမှုအတွက် လျှောက်ထားကြရမည် ဖြစ်သည်။ ဆက်လက်တက်ရောက်ဖို့ရန် ရွေးချယ်မှု မပြုခဲ့သော သို့မဟုတ် ပြန်လည်တက်ရောက်ရန် ရည်ရွယ်ကြောင်း (Intent to Return) လျှောက်လွှာဖောင်အား လက်မှတ်ရေးထိုးခဲ့သော လက်ရှိ Pre-K3 မိဘများ အားလုံးသည် မဲကံစမ်းမှုအတွင်းသို့ တင်သွင်းရန်အတွက်မှာ လျှောက်လွှာ ဖြည့်စွက်၊ လျှောက်ထားကြရမည် ဖြစ်သည်။**

**အကယ်၍ ကျွန်ုပ်၏ကလေးသည် DeKalb ကောင်တီကျောင်းခရိုင် (DCSD) ၏ ကျောင်းတက်ရောက်မှုဇုံ ပြင်ပတွင် နေထိုင်လျှင် သူ/သူမသည် မူကြိုတန်း Pre-K (3&4) အစီအစဉ်များတွင် ပါဝင်ဖို့ရန် အရည်အချင်းပြည့်မီပါမည်လား။**

မရပါ။ သင့် နေအိမ်လိပ်စာသည် DeKalb ကောင်တီကျောင်းခရိုင်အတွက် သတ်မှတ်ထားသော ဇုံအတွင်း မရှိလျှင် သင်သည် ပါဝင်ရန်အတွက် အရည်အချင်းမပြည့်မီပေ။ အကယ်၍ သင်၏ လိပ်စာသည် DCSD အတွက်သတ်မှတ်ထားသော ဇုံအတွင်း ရှိမရှိ မသေချာပါက သင့်လိပ်စာအား အတည်ပြုရန်မှာ ကျေးဇူးပြု၍ [School Locator (စာသင်ကျောင်း တည်နေရာခြေရာခံစက်)](School Locator) ထဲသို့ ဝင်ရောက်ပါ။

**ကျောင်းတစ်ကျောင်းထက်ပို၍ လျှောက်ထားခွင့်ပြုပါသလား။**

မပြုပါ။ သင့်အနေနှင့် အစဉ်အလာကျောင်းတစ်ကျောင်းဖြစ်သည့် Coralwood တွင်ဖြစ်စေ၊ ထို့ပြင်/သို့မဟုတ် အကယ်၍ သက်ဆိုင်လျှင် Early Learning Center ၌ဖြစ်စေ၊ သို့မဟုတ် သင်၏ အိမ်ကျောင်း၌သော်လည်းကောင်းဖြစ်စေ လျှောက်ထားနိုင်မည် ဖြစ်သည်။ အကယ်၍ သင်သည် အစဉ်အလာကျောင်း တစ်ကျောင်းဖြစ်သည့် Coralwood သို့မှမဟုတ် Early Learning Center အား လျှောက်ထားရန် ရွေးချယ်ခဲ့သော်လည်း သင်မှ ရွေးချယ်မခံခဲ့ရလျှင် သင့်အား စောင့်ဆိုင်းစာရင်းအတွင်း အလိုအလျောက် နေရာချပေးထားမည် ဖြစ်သည်။

**အကယ်၍ ကျွန်ုပ်၏ကလေးသည် သူငယ်တန်းအတွက် အရည်အချင်းပြည့်မီသော်လည်း ပြည်နယ်မှ ရန်ပုံငွေထောက်ပံ့ပေးသည့် Pre-K4 အစီအစဉ်တစ်ခုအတွင်း ပါဝင်ခဲ့ခြင်းမရှိလျှင် ၎င်းတို့သည် Pre-K4 ၌ စာရင်းသွင်းဖို့ရန် အရည်အချင်းပြည့်မီဆဲ ဖြစ်ပါသလား။**

Pre-K4 ကျောင်းသားတစ်ဦးအဖြစ် 2025-2026 ကျောင်းပညာသင်နှစ်တွင် အရည်အချင်းပြည့်မီဖို့ရန်မှာ သင်၏ကလေးသည် ၎င်းတို့၏ မူကြိုတက်ရောက်သည့်နှစ်အား အားလုံးတန်းတူပါဝင်စေမှု (ပူးတွဲသင်ကြားမှုပြုသည့်) Pre-K4 စာသင်ခန်းတစ်ခုအတွင်း တက်ရောက်ထားဖို့ရန် လိုအပ်ကြောင်း ဖော်ထုတ်သတ်မှတ်ထားသည့် တစ်ဦးချင်းအလိုက် ပညာရေး အစီအစဉ် (IEP) တစ်ခု ရရှိထားရမည် ဖြစ်သည်။

**ကျွန်ုပ်၏ကလေးသည် မူကြိုတန်း Pre-K (3&4) အစီအစဉ်၌ စာရင်းသွင်းအပ်နှံဖို့ရန်မှာ အိမ်သာသွားတတ်ရန် လေ့ကျင့်ပေးထားဖို့ လိုအပ်ပါမည်လား။**

သင့်ကလေးအား အဝတ်အစားဝတ်ဆင်ခြင်း၊ ချွတ်လဲခြင်းနှင့် အိမ်သာတက်ရာတွင် လိုအပ်ချက်များကို ကိုယ်တိုင်လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ထားသည်။ မူကြိုတန်း Pre-K (3&4) သို့ မတက်ရောက်မီ ကလေးများအား အိမ်သာသွားတတ်ရန် လေ့ကျင့်ပေးထားသင့်သည်။ အကယ်၍ မတော်တဆထွက်ကျခဲ့ပါက မိဘများထံ ခေါ်ဆိုမည်ဖြစ်ပြီး၊ မိမိတို့၏ကလေးအား အဝတ်အစား လဲလှယ်ပေးရန် ကျောင်းသို့ လာရောက်ပေးဖို့ လိုအပ်မည်ဖြစ်သည်။ တစ်ဦးချင်းအလိုက် ပညာရေးအစီအစဉ် (IEP) သို့မဟုတ် 504 အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေနှင့်သတ်မှတ်ဖော်ပြထားပြီး၊ ကလေးသည် ပူးပေါင်း စာသင်ခန်းတစ်ခုအတွင်း တက်ရောက်ရကာ သို့ဖြစ်၍ အထူးလိုအပ်ချက်များဆိုင်ရာ ဆရာတစ်ဦး/အကူတစ်ဦးမှ အကူအညီထောက်ပံ့ပေးနိုင်သော အခြေအနေမှလွဲ၍ ကျောင်းသားများသည် ကျောင်းသို့ ဘောင်းဘီပုံစံသေးခံ (pull-ups) များအား ဝတ်ဆင်လာခွင့် မရှိပေ။

**DCSD ဝန်ထမ်းတစ်ဦးအနေဖြင့် ကျွန်ုပ်သည် မူကြိုတန်း Pre-K (3&4) မဲကံစမ်းမှုအတွင်း အလိုအလျောက် စာရင်းပေးသွင်းခွင့်အား ရရှိပါမည်လား။**

မရပါ။ သင်သည် DCSD ဝန်ထမ်းတစ်ဦးဖြစ်လျှင်လည်း အခြားသူများ ကျော်ဖြတ်ရသည့် ကံစမ်းမှုလုပ်ငန်းစဉ်အဆင့်အဆင့်အတိုင်း ကျော်ဖြတ်ရမည်။ သို့သော်လည်း ဝန်ထမ်းများအနေနှင့် မူကြိုတန်း Pre-K (3&4) မဲကံစမ်းမှုအတွင်းသို့ မဝင်ရောက်မီ သက်ဆိုင်ရာ ထုတ်ပြန်သတ်မှတ်ထားချက်များ ရှိပေသည်။ DeKalb မူကြိုတန်း Pre-K (3&4) မဲကံစမ်းမှုနှင့်ပတ်သက်၍ ဝန်ထမ်းဖြစ်သူ ပါဝင်မှုဆိုင်ရာ မှတ်စုများအကြောင်း သိရှိလိုပါက ကျေးဇူးပြုပြီး သင်၏ စာသင်ကျောင်း ကျောင်းအုပ်ထံ သို့မဟုတ် အစောပိုင်း သင်ကြားရေး နှင့် Pre-K အစီအစဉ်များဆိုင်ရာ ဌာနချုပ်ထံသို့ ဆက်သွယ်ပါ။

**ကျွန်ုပ်၏ကလေးတွင် IEP တစ်ခု ရှိထားပြီး၊ လက်ရှိတွင်မူ DCSD အတွင်း စာရင်းသွင်းထားခြင်း မရှိပါ။ သူ/သူမကို ကံစမ်းမဲတွင် ရွေးချယ်လိုက်လျှင် သူတို့သည် ကျွန်ုပ်၏ home school တွင် ကျန်ရှိနေမည်လား။**

အကယ်၍ လက်ရှိ တစ်ဦးချင်းအလိုက် ပညာရေးအစီအစဉ် (IEP) တစ်ခု ရှိထားသည့် လျှောက်ထားသူတစ်ဦးသည် Bright from the Start (BFTS) အထွေထွေပညာရေးဆိုင်ရာ မူကြိုတန်း Pre-K4 စာသင်ခန်းတစ်ခုသို့ တက်ရောက်ဖို့ရန် ရွေးချယ်ခံခဲ့ရလျှင် ကျောင်းသား၏ တစ်ဦးချင်းအလိုက် လိုအပ်ချက်များအပေါ် အခြေခံကာ BFTS အားလုံးပါဝင်စေမှု စာသင်ခန်းတစ်ခုသို့ ပြောင်းရွှေ့ကောင်း ပြောင်းရွှေ့ နိုင်မည် ဖြစ်သည်။ မှတ်ချက် - ဘာသာရပ်တစ်ခုခု အထူးပြုကျောင်းများတွင် BFTS ပါဝင်သည့် စာသင်ခန်းများ မပါဝင်ပါ။

**ကျွန်ုပ်၏ သုံးနှစ်အရွယ်ကလေးသည် လက်ရှိ IEP တစ်ခု ရှိထားပြီး၊ DCSD အထူးခြွင်းချက်ပညာရေး အတန်းတစ်တန်းတွင် စာရင်သွင်းထားပြီးသား ဖြစ်ပါသည်၊ ကျွန်ုပ်အနေနှင့် မူကြိုတန်း Pre-K (3&4) အတွက် စာရင်းသွင်းသင့်ပါသလား။**

မသွင်းရပါ။ မူကြိုတန်း Pre-K (3&4) မဲကံစမ်းမှုမှ ကျောင်းသားများအား အလျဉ်းသင့်သလို မဲကံစမ်းရွေးချယ်သည့် လုပ်ငန်းစဉ်တစ်ခုအားဖြင့် ရွေးချယ်လျက်ရှိစဉ် တစ်ဖက်တွင်မူ တစ်ဦးချင်းအလိုက် ပညာရေးအစီအစဉ်များ (IEP) အား ရရှိထားသည့် ကျောင်းသားများမှာမူ ကျောင်းသားဖြစ်သူ၏ IEP သတ်မှတ်ချက်အရဂှာ လိုအပ်သည့် တမူထူးခြားမှု၊ တစ်ဦးချင်းအလိုက် လိုအပ်ချက်များ၊ ကျောင်းသား ပံ့ပိုးထောက်ပံ့မှု နှင့် လိုအပ်သော ဝန်ဆောင်မှုများတို့အပေါ် ထည့်သွင်းစဉ်းစားကာ IEP အဖွဲ့ တစ်ဖွဲ့ မှ သတ်မှတ်ထားသော ဆုံးဖြတ်ချက် တစ်စိတ်တစ်ပိုင်းအရ အထူးပညာရေးဆိုင်ရာ နေရာချထားမှုတစ်ခုအား လက်ခံရရှိကြမည် ဖြစ်သည်။ မူကြိုတန်း Pre-K (3&4) မဲကံစမ်းမှုသို့ မဝင်ရောက်မီ အကယ်၍ သင့်တွင် သင့်ကလေး၏ လိုအပ်ချက်များအား ဖြေရှင်းပေးဖို့ရန် အသင့်တော်ဆုံးသော အစောပိုင်းကလေးဘဝ အပြင်အဆင်နှင့်ပတ်သက်ပြီး မေးခွန်းများ ရှိခဲ့ပါလျှင် သင့်ကလေး၏ IEP အမှုမန်နေဂျာ၊ အထူးပညာရေးဆိုင်ရာ ခေါင်းဆောင် ဆရာ သို့မဟုတ် အထူးခြွင်းချက် ပညာရေးဆိုင်ရာဌာနထံ @ https://www.dekalbschoolsga.org/exceptional-educationသို့ ဆက်သွယ်ဖို့ရန် အကြံပြုထောက်ခံအပ်ပါသည်။

**မူကြိုတန်း Pre-K (3&4) မဲကံစမ်းမှုအား လျှောက်ထားရန်ဂှာ ကျောင်းသားတစ်ဦးအတွက် မည်သည့် စာရွက်စာတမ်းများ လိုအပ်ပါသနည်း။**

မွေးဖွားမှု အထောက်အထား၊ တရားဝင် အုပ်ထိန်းမှု အထောက်အထား (အကယ်၍ မိဘ/အုပ်ထိန်းသူ၏ အမည်သည် မွေးစာရင်းတွင်မရှိပါက)၊ မိဘ/အုပ်ထိန်းသူ၏ အထောက်အထားနှင့် နေထိုင်ခွင့် အထောက်အထား။ အသေးစိတ်အချက်အလက်များနှင့်အတူ လိုအပ်သော စာရွက်စာတမ်းများ အားလုံး၏ အလုံးစုံသော စာရင်းတစ်ခုအား “Required Documents (လိုအပ်သော စာရွက်စာတမ်းများ)” ခလုတ်အား နှိပ်လိုက်ခြင်းအားဖြင့်သော်လည်းကောင်း သို့မဟုတ် အောက်ဖော်ပြပါလင့်ခ် https://www.dekalbschoolsga.org/pre-k/ ပေါ်တွင်သော်လည်းကောင်း တွေ့ ရှိနိုင်မည် ဖြစ်သည်။

**ကျွန်ုပ်သည် 2025-2026 မူကြိုတန်း Pre-K (3&4) အွန်လိုင်း မဲကံစမ်းမှုအား လျှောက်ထားဖို့ရန် အသင့်ဖြစ်နေပါပြီ၊ နောက်တစ်ဆင့်အနေနှင့် မည်သည်အား ကျွန်ုပ် ဆောင်ရွက်ရမည်နည်း။**

ဤစာတမ်း၏ကျန်ရှိသောအပိုင်းကို အပြည့်အစုံဖတ်ရှုပြီး ကံစမ်းမဲလျှောက်လွှာဝင်းဒိုးကိုဖွင့်သောအခါ၊ အောက်ဖော်ပြပါလင့်ခ်တွင်ရှိသော “ယခုလျှောက်ထားပါ(Apply Now)” ခလုတ်ကို နှိပ်ပါ။ ဤသို့အားဖြင့် သင်သည် မူကြိုတန်း Pre-K (3&4) မဲကံစမ်းမှု လျှောက်လွှာအား စတင်နိုင်မည့် ဝက်ဘ်ဆိုဒ်သို့ ရောက်ရှိသွားမည် ဖြစ်သည်။ ဝက်ဘ်ဆိုဒ်၏ ကြိုဆိုကြောင်း မျက်နှာစာ စာမျက်နှာပေါ်တွင် လျှောက်လွှာ လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး သင့်အား အကူအညီပေးနိုင်သည့် ညွှန်ကြားချက်များကို တွေ့ ရှိရမည် ဖြစ်သည်။ https://www.dekalbschoolsga.org/pre-k/

**2025-2026 မူကြိုတန်း Pre-K (3&4) အွန်လိုင်း မဲကံစမ်းမှုတွင် ပါဝင်ကြသူများ**

*ဤစက်ရှင်သည် စောင့်ဆိုင်းစာရင်းအတွင်း၌ နေရာတစ်ခု ရရှိထားကြောင်း သို့မဟုတ် နေရာချထားပေးကြောင်း အသိပေးအကြောင်းကြားမှုကို လက်ခံရရှိထားပြီး၊ 2025-2026 အွန်လိုင်း ကံစမ်းမှု လုပ်ငန်းစဉ်အတွင်း၌ ပါဝင်ကြမည့် မိဘများ/အုပ်ထိန်းသူများထံသို့ သတင်းအချက်အလက်များ*

*ထောက်ပံ့ပေးရန် ဖြစ်သည်။ အားလုံးအတွက် အရေးကြီးသော သတင်းအချက်အလက်များ (Important Information for All) ဟု ခေါင်းစဉ်တပ်ထားသည့် နောက်ဆုံးအပိုင်းအား သေချာပေါက် ဖတ်ရှုပေးပါ။*

**ကံစမ်းမဲအတွင်း၌ ကျွန်ုပ်၏ကလေးသည် နေရာတစ်ခုအား ရရှိခဲ့လျှင် ကျွန်ုပ်အနေနှင့် နောက်ထပ် မည်သည့်အဆင့်များကို ဆက်လက်ဆောင်ရွက်ရမည်နည်း။**

အကယ်၍ သင်၏ကလေးသည် မဲကံစမ်းမှုအတွင်း ထိုင်ခုံနေရာတစ်ခုအား ဆုမဲပေါက်ခဲ့ပြီး၊ ၎င်းထိုင်ခုံနေရာအား သင် လက်ခံရယူဖို့ ဆန္ဒရှိလျှင် ကျေးဇူးပြုပြီး သင့် မိဘဆိုင်ရာ ဒက်ရှ်ဘုတ်ပေါ်တွင် တည်ရှိသည့် လက်ခံကြောင်း ခလုတ်အား 14 ရက်အတွင်း ကလစ်နှိပ်ပေးပါ။ အကယ်၍ ထိုင်ခုံနေရာအား သင် ငြင်းဆန်ဖို့ ရွေးချယ်ခဲ့လျှင်မူ ကျေးဇူးပြုပြီး ငြင်းဆန်ကြောင်း ခလုတ်အား 14 ရက်အတွင်း ကလစ်နှိပ်ပေးပါ။ အကယ်၍ စာရွက်စာတမ်းသည် ဖတ်ရှု၍မရဖြစ်နေလျှင် သို့မဟုတ် သက်တမ်းကျော်လွန်နေလျှင် စာရွက်စာတမ်းအား နောက်ထပ်ပြန်လည်ပို့ပေးဖို့ ကျောင်းမှ တောင်းဆိုကောင်း တောင်းဆိုပေမည်။ အကယ်၍ သင်သည် ခရိုင်အတွင်း စာရင်းသွင်းထားပြီးသားဖြစ်သည့် ကလေးတစ်ဦး ရှိသော DCSD သို့ ပြန်လည်ရောက်ရှိလာသည့် မိဘတစ်ဦး ဖြစ်လျှင်မူ သင့်အနေနှင့် သင်၏ မိဘဆိုင်ရာ ပေါ်တယ်အား အသုံးပြုကာ သင်၏ စာရင်းသွင်းမှုလုပ်ငန်းစဉ်အား ဆောင်ရွက်ပေးရမည် ဖြစ်သည်။ အကယ်၍ လိုအပ်လျှင် ကူညီထောက်ပံ့မှု ရယူရန်အတွက် ကျေးဇူးပြုပြီး သင်၏ ဒေသခံ စာသင်ကျောင်းမှ မော်ကွန်းထိန်းထံသို့ ဆက်သွယ်ပါ။ သင်သည် https://www.dekalbschoolsga.org/online-registration/ တွင် တွေ့ ရှိရသော DeKalb ကောင်တီ အွန်လိုင်းစာရင်းသွင်းမှု ပေါ်တယ်အား အသုံးပြုကာ သင်၏ "ကျောင်းသားသစ်" အတွက် အွန်လိုင်း စာရင်းသွင်းမှု လုပ်ငန်းစဉ်အား ဆောင်ရွက်ပေးရမည် ဖြစ်သည်။

**အကယ်၍ မဲကံစမ်းမှုလုပ်ငန်းစဉ်အတောအတွင်း ကျွန်ုပ်၏ကလေးအား စောင့်ဆိုင်းစာရင်းပေါ်၌ နေရာချထားခံခဲ့ရလျှင် ကျွန်ုပ်အနေနှင့် နောက်ထပ် မည်သည့်အဆင့်များအား ဆက်လက် ဆောင်ရွက်ရမည်နည်း။**

မဲကံစမ်းမှုတွင် ထိုင်ခုံနေရာ မရရှိခဲ့သော ကျောင်းသား မှန်သမျှအား စောင့်ဆိုင်းစာရင်းပေါ်သို့ အလိုအလျောက် နေရာချထားမည် ဖြစ်သည်။ သင်၏စောင့်ဆိုင်းစာရင်းနံပါတ်ကို ရယူရန် သင်၏ Parent Portal သို့ ဝင်ရောက်ပါ။ ထိုင်ခုံနေရာများအား အခြားသူများမှ ငြင်းဆန်ခဲ့လျှင် သို့မဟုတ် လက်လွှတ်အဆုံးရှုံးခံခဲ့လျှင် စာသင်ကျောင်းသည် စောင့်ဆိုင်းစာရင်းပေါ်ရှိ နောက်ထပ်မိသားစုထံသို့ အကြောင်းကြားမည် ဖြစ်သည်။ အဆိုပါအချိန်၌ သင့်အနေနှင့် သင့်ကလေး၏ ထိုင်ခုံနေရာအား သေချာစေရန်အတွက်ဟု နောက်ထပ်သော အဆင့်များကို ဆောင်ရွက်ပေးဖို့ လိုအပ်မည် ဖြစ်သည်။ ကျောင်းသည် စာရင်းသွင်းမှုဆိုင်ရာ တာဝန်ခံတစ်ဦးကို တာဝန်ခန့်အပ်ထားမည်ဖြစ်ပြီး၊ ထို့နောက် အီးမေးလ်မှတစ်ဆင့် အီလက်ထရောနစ်နည်းလမ်း အသုံးပြု၍ စာရွက်စာတမ်းများအား ပေးပို့ရန်အတွက်ဟု မိဘများ/အုပ်ထိန်းသူများထံသို့ ညွှန်ကြားချက်များ အသိပေးအကြောင်းကြားသွားမည် ဖြစ်သည်။

**2025-2026 မူကြိုတန်း Pre-K (3&4) အွန်လိုင်း မဲကံစမ်းမှုတွင် ပါဝင်ခဲ့ခြင်း မရှိသည့် လျှောက်ထားသူအသစ်များ**

*ဤအပိုင်းသည် 2025-2026 မူကြိုတန်း Pre-K (3&4) အွန်လိုင်းမဲကံစမ်းမှု လုပ်ငန်းစဉ်အတွင်း ပါဝင်နိုင်ခဲ့ခြင်း မရှိသည့် မိဘများ/အုပ်ထိန်းသူများအတွက် အချက်အလက်များ ထောက်ပံ့ပေးထားသည်။ နောက်ဆုံးအပိုင်းမှ **Important Information for All (အားလုံးအတွက် အရေးကြီးသော သတင်းအချက်အလက်များ)** ဟု ခေါင်းစဉ်တပ်ထားသည့် နောက်ဆုံးပိုဒ်ကို သေချာပေါက် ဖတ်ရှုပေးပါ။*

**အကယ်၍ ကျွန်ုပ်၏မိသားစုသည် မဲကံစမ်းမှုအတွင်း ပါဝင်ခဲ့ခြင်း မရှိလျှင် ကျွန်ုပ်၏ကလေးအတွက် မူကြိုတန်း Pre-K (3&4) ထိုင်ခုံနေရာအား ကျွန်ုပ် မည်သို့ လျှောက်ထားနိုင်ပါမည်နည်း။**

ထိုင်ခုံနေရာ ရရှိနိုင်သေးခြင်း ရှိမရှိ ကြည့်ရှုရန်အတွက် ဦးစွာပထမဆုံး ကျောင်းသို့ ဆက်သွယ်ခြင်းဖြင့် စတင်ပါ။ အကယ်၍ ဖွင့်ပေးထားသောနေရာတစ်ခု ကျန်ရှိနေသေးလျှင် ကျေးဇူးပြုပြီး နောက်မေးခွန်းအား ဆက်လက် ကြည့်ရှုသွားပေးပါ။ အကယ်၍ သင့်တွင် ရရှိနိုင်သော ထိုင်ခုံနေရာလွတ်များ ရှိမနေခဲ့လျှင် သင့်အနေနှင့် စောင့်ဆိုင်းစာရင်း လျှောက်လွှာတစ်ခုအား ဖြည့်စွက်နိုင်ပြီး၊ ၎င်းလျှောက်လွှာနှင့်အတူ သင့်ကလေး၏ မွေးစာရင်းအား အီးမေးလ်မှတစ်ဆင့် အီလက်ထရောနစ်နည်းလမ်းဖြင့် စာသင်ကျောင်း၏ စာရင်းသွင်းမှုဆိုင်ရာ တာဝန်ရှိသူထံသို့ ပေးပို့ပါ။ စာရင်းသွင်းမှုဆိုင်ရာ တာဝန်ခံမှာ မည်သူမည်ဝါဖြစ်ကြောင်း သင် သေချာမသိရှိလျှင်မူ ကျေးဇူးပြုပြီး ကျောင်းသို့ ဆက်သွယ်ပါ။ စောင့်ဆိုင်းစာရင်း လျှောက်လွှာအား ခရိုင်၏ မူကြိုတန်း Pre-K ဝက်ဘ်ဆိုဒ်ပေါ်ရှိ အလုံးစုံခြုံငုံကြည့်ရှုချက် (Overview) တက်ဘ်၏ ခလုတ်တွင် တွေ့ ရှိနိုင်မည် ဖြစ်သည်။ www.dekalbschoolsga.org/pre-k

**အကယ်၍ စာသင်ကျောင်း၌ ရရှိနိုင်သော ထိုင်ခုံနေရာလွတ်တစ်ခု ရှိနေခဲ့လျှင် မူကြိုတန်း Pre-K (3&4) အတွက် စာရင်းသွင်းရန်ဟု နောက်ထပ်မည်သည့်အဆင့်များကို ဆက်လက်ဆောင်ရွက်ရမည်နည်း။**

2025-2026 ကျောင်းသားသစ်စာရင်းသွင်းခြင်းကို ပြည့်စုံစေရန် အောက်ဖော်ပြပါလင့်https://www.dekalbschoolsga.org/online-registration/new-students/လင့်ကိုနှိပ်ကာ ဖြည့်သွင်းနိုင်ပါသည်။ အကယ်၍ သင်သည် ခရိုင်အတွင်း စာရင်းသွင်းထားပြီးသားဖြစ်သည့် ကလေးတစ်ဦး ရှိသော DCSD သို့ ပြန်လည်ရောက်ရှိလာသည့် မိဘတစ်ဦး ဖြစ်လျှင်မူ သင့်အနေနှင့် သင်၏ မိဘဆိုင်ရာ ပေါ်တယ်အား အသုံးပြုကာ သင်၏ စာရင်းသွင်းမှုလုပ်ငန်းစဉ်အား ဆောင်ရွက်ပေးရမည် ဖြစ်သည်။ အကယ်၍ လိုအပ်လျှင် ကူညီထောက်ပံ့မှု ရယူရန်အတွက် ကျေးဇူးပြုပြီး သင်၏ ဒေသခံ စာသင်ကျောင်းမှ မော်ကွန်းထိန်းထံသို့ ဆက်သွယ်ပါ။

**မူကြိုတန်း Pre-K (3&4) တွင် ကျောင်းသားတစ်ဦးအား စာရင်းသွင်းရန်အတွက် မည်သည့် စာရွက်စာတမ်းများအား လိုအပ်ပါသနည်း။**

အောက်ပါလင့်ခ် https://www.dekalbschoolsga.org/pre-k/.တွင်တွေ့ရှိရသော "လိုအပ်သောစာရွက်စာတမ်းများ" တက်ဘ်ကိုနှိပ်ခြင်းဖြင့် လိုအပ်သောစာရွက်စာတမ်းများအားလုံး၏ ပြည့်စုံသောစာရင်းကို ရှာဖွေတွေ့ရှိနိုင်ပါသည်။

**2025-2026 ကျောင်းသားသစ် စာရင်းသွင်းမှု လျှောက်လွှာဖောင်အား ကျွန်ုပ် ဖြည့်စွက်ပြီးသည့်နောက် မည်သည်တို့ ဖြစ်လာမည်နည်း။**

သင့်ဒေသခံကျောင်းသည် နောက်ထပ်သောအဆင့်များနှင့်ပတ်သက်ပြီး သင့်ထံ ဆက်သွယ်ပါမည်။

## အားလုံးအတွက် အရေးကြီးသော သတင်းအချက်အလက်များ

**ကျန်းမာရေးဆိုင်ရာ ကာကွယ်ဆေး လျှောက်လွှာဖောင် 3231 အား ကျောင်းစတင်ချိန်အမီ ကျွန်ုပ် ထောက်ပံ့ပေးနိုင်ခဲ့ခြင်းမရှိလျှင် မည်သို့ ဖြစ်လာမည်နည်း။**

DCSD မူဝါဒ ကဖော်ပြသည်မှာ ကလေးတစ်ဦးသည် ကျောင်းစတင်တက်သည့် ရက် ၃၀ အတွင်း သို့မဟုတ် သက်တမ်းကုန်ဆုံးသည့် ရက်အတွင်း ၎င်းတို့၏ကျန်းမာရေး ကာကွယ်ဆေးထိုးပုံစံ 3231 ရှိရမည်ဖြစ်သည်။ ဤစာရွက်စာတမ်းအား အီလက်ထရောနစ် နည်းလမ်းဖြင့် ရယူ၊ ပေးပို့ရာတွင် သင် အခက်အခဲတစ်စုံတစ်ရာ ကြုံတွေ့ပါက ကျေးဇူးပြုပြီး သင့်ကျောင်းသို့ အီးမေးလ်ပေးပို့ပါ။ အကယ်၍ ကျောင်းတက်ရက် ပထမဆုံးရက်မှစ၍ ရက် 30 အတွင်း လျှောက်လွှာဖောင်အား ထောက်ပံ့ပေးခဲ့ခြင်းမရှိလျှင် ကလေးဖြစ်သူသည် လျှောက်လွှာဖောင် သို့မဟုတ် ချိန်းဆိုချက် အထောက်အထား မပါရှိဘဲ အတန်းသို့ ပြန်လည်တက်ရောက်နိုင်မည် မဟုတ်ပေ။ ချိန်းဆိုထားမှုအပြီးနောက် နောက်ထပ်စီမံပြင်ဆင်မှု လျှောက်လွှာဖောင် မပါရှိပါကလည်း ကလေးသည် ကျောင်း ပြန်လည်တက်ရောက်နိုင်မည် မဟုတ်ပေ။ ဤလျှောက်လွှာဖောင်အား ထောက်ပံ့ပေးနိုင်ခြင်း မရှိသည့်အတွက်ကြောင့် ကလေးဖြစ်သူသည် 10 ရက် ဆက်တိုက် ပျက်ကွက်ခဲ့ပါက မူကြိုတန်း Pre-K (3&4) မှ ကလေး၏ ထိုင်ခုံနေရာအား လွတ်လွှတ်ဆုံးရှုံးခံရမည် ဖြစ်သည်။

**အကယ်၍ အကြားအာရုံ၊ အမြင်အာရုံ၊ သွားဘက်ဆိုင်ရာ နှင့် အဟာရဆိုင်ရာ လျှောက်လွှာဖောင် 3300 အား ကျောင်းစတင်ချိန်အမီ ကျွန်ုပ် ထောက်ပံ့ပေးနိုင်ခဲ့ခြင်းမရှိလျှင် မည်သို့ ဖြစ်လာမည်နည်း။** ဤပုံစံကို ကလေးကျောင်းစတက်သည်မှ ရက်ပေါင်း ၉၀ အတွင်း သို့မဟုတ် သက်တမ်းကုန်ဆုံးမည့်ရက်တွင် ဖြည့်သွင်းရမည်ဟု DCSD ပေါ်လစီက ဖော်ပြထားသည်။ ဤစာရွက်စာတမ်းအား အီလက်ထရောနစ် နည်းလမ်းဖြင့် ရယူ၊ ပေးပို့ရာတွင် သင် အခက်အခဲတစ်စုံတစ်ရာ ကြုံတွေ့ပါက ကျေးဇူးပြုပြီး သင့်ကျောင်းသို့ အီးမေးလ်ပေးပို့ပါ။ အကယ်၍ ကျောင်းတက်ရက် ပထမဆုံးရက်မှစ၍ ရက် 90 အတွင်း လျှောက်လွှာဖောင်အား ထောက်ပံ့ပေးခဲ့ခြင်းမရှိလျှင် ကလေးဖြစ်သူသည် အတန်းသို့ ပြန်လည်တက်ရောက်နိုင်မည် မဟုတ်ပေ၊ ဤသို့အားဖြင့် ကလေးသည် အစီအစဉ်အတွင်းမှ ဖယ်ရှားကောင်း ဖယ်ရှားခံရသည့်ရလဒ် ရရှိနိုင်ပါသည်။

**မူကြိုတန်း Pre-K (3&4) ကျောင်းသားများအတွက် အတန်းပုံမှန်တက်ရောက်မှုဆိုင်ရာမူဝါဒ စည်းမျဉ်းများ ရှိပါသလား။**

ရှိပါသည်၊ မူကြိုတန်း Pre-K (3&4) ကျောင်းသားများအတွက် အတန်းပုံမှန်တက်ရောက်မှုဆိုင်ရာ မူဝါဒစည်းမျဉ်းများ ရှိပါသည်။ ကျောင်းပညာသင်နှစ် တစ်နှစ်လုံးတစ်လျှောက် ကျောင်းသားများအား စာသင်နေ့တွင် ပါဝင်ဖို့ရန် နှင့် အပြည့်အဝ တက်ရောက်ကြဖို့ရန် မျှော်လင့်ထားပါသည်။ အကယ်၍ ကလေးတစ်ဦးသည် ဆေးဘက်ဆိုင်ရာ ခွင့်ပြုချက် မရှိဘဲ ၁၀ ရက် ဆက်တိုက် ပျက်ကွက်ခဲ့လျှင် သို့မဟုတ် ကျောင်းနောက်ကျခဲ့လျှင် ခရိုင်၏ အတန်းပုံမှန်တက်ရောက်မှုဆိုင်ရာ မူစည်းမျဉ်းများနှင့် Bright from the Start မှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များအရ ကလေးအား စာသင်ခန်းမှ ထုတ်ပယ်မည် ဖြစ်သည်။ ထို့ပြင် အကယ်၍ ကလေးသည် အမြဲတမ်းလိုလို နောက်ကျလေ့ရှိကြောင်း သို့မဟုတ် ကျောင်းမှ စောစွာ ထွက်ခွာလေ့ရှိကြောင်း တွေ့ရှိရလျှင်လည်း အကြံပေးအတိုင်ပင်ခံ နှင့်/သို့မဟုတ် လူမှုရေးလုပ်သား တစ်ဦးသည် မိဘများ/အုပ်ထိန်းသူများထံသို့ ဆက်သွယ်အသိပေးမည်ဖြစ်သည်။

**မူကြိုတန်း Pre-K (3&4) မိဘများ/အုပ်ထိန်းသူများအတွက် ပါဝင်ဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များ တစ်စုံတစ်ရာ ရှိပါသလား။**

ရှိပါသည်၊ အနည်းဆုံး တစ်နှစ်လျှင် နှစ်ကြိမ်၊ ထို့ပြင် လိုအပ်ပါက ၎င်းထက်ကြိမ်ရည်ပိုမိုပြီး စီစဉ်ရေးဆွဲထားသည့် မိဘ/အုပ်ထိန်းသူ တွေ့ဆုံဆွေးနွေးမှုများ နှင့် ကွန်ဖရန့်အစည်းအဝေးများ အစရှိသည်တို့အားလုံးတွင် မိဘများ/အုပ်ထိန်းသူများမှ ပါဝင်ဆောင်ရွက်ပေးကြရန် မျှော်မှန်းထားသည်။ တွေ့ဆုံဆွေးနွေးပွဲ/ကွန်ဖရန့်ဆွေးနွေးပွဲ ဆောင်ရွက်မည့် အချိန်အား စာသင်ကျောင်း နှင့်/သို့မဟုတ် မူကြိုတန်း Pre-K (3&4) ဆရာဖြစ်သူမှ သင့်ထံသို့ အကြောင်းကြားမည် ဖြစ်ပြီး၊ တွေ့ဆုံရန် စီစဉ်ထားသော ရက်စွဲ နှင့် အချိန်အား သင့်ထံသို့ ထောက်ပံ့ပေးမည် ဖြစ်သည်။ ဤဆောင်ရွက်မှုများသည် တစ်နာရီနီးပါးခန့် ကြာမြင့်မည်ဖြစ်သည်။

**မေးလေ့မေးထ မေးခွန်း တွင် ဖော်ပြမထားသည့် မေးခွန်း မေးချင်လျှင် မည်ကဲ့သို့ လုပ်ဆောင်ရမည်နည်း။**

အစောပိုင်း သင်ကြားရေး နှင့် Pre-K အစီအစဉ်များဆိုင်ရာ ဌာနချုပ်ထံPreKRecords@dekalbschoolsga.org သို့ လွတ်လပ်စွာ ဆက်သွယ်နိုင်ပါသည်။